
James Branch Cabell
လူငယ်အာဟာရ
EXIT
မင်းတခေတ်

# လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုကြိုဆိုသင့်သည့်

## Father’s Day & mother’s Day

ကျွန်တော်တို့ အမိမြန်မာနိုင်ငံတွင် ထုံးတမ်းအစဉ်အလာနှင့် သမိုင်းအစဉ်အလာများကြောင့် အသိအမှတ်ပြု ဂုဏ်ပြုကျင်းပကြသည့် နေ့ထူးနေ့မြတ်ပေါင်း မြောက်မြားစွာ ရှိပါသည် ။ ထိုနေ့ထူးနေ့မြတ်များ ထဲတွင် တစ်ကမ္ဘာလုံးနီးပါး ဂုဏ်ပြုသတ်မှတ်ထားသည့် "အဖေများ နေ့နှင့် အမေများ နေ့" တို့ သည် လည်း အပါအဝင်ပင် ဖြစ်၏။

သို့သော် ကျွန်တော်တို့ မြန်မာနိုင်ငံတွင် ထိုအဖေများ နေ့နှင့် အမေများ နေ့ကို လူအနည်းအကျဉ်းသာ သတိတရရှိကြသည် ။ နောက်ပေါက် ခေတ်လူငယ်တချို့ဆိုလျှင် ဂုဏ်ပြုကြိုဆိုရမှန်း သိမည်ဟု ပင် ကျွန်တော် မထင်မိချေ။ နည်းပညာက စ၊ အစစ အရာရာ တိုးတက်လာသည့် ခေတ်စနစ်ကြီးထဲတွင် ယနေ့ခေတ်လူငယ် အတော်များများ သည် ဂိမ်း(Game) ဆိုင်၊ အင်တာနက် (Internet) ဆိုင်၊ စတိတ်ရှိုး (Stage Show) ပွဲများ ဖြင့်သာ အချိန်ကုန်နေကြပြီး လူကြီးမိဘတို့ ကို ကူညီဖို့ ၊ ပြုစုစောင့်ရှောက်ဖို့ သတိပင်မရကြချေ။ တချို့လူငယ်များ ဆိုလျှင် မိဘကို မိဘလို သဘောမထားဘဲ သူငယ်ချင်းပေါင်း ပေါင်းပြီး ကျွန်များ သဖွယ် ရိုင်းပျစွာ ပြောဆို ဆက်ဆံနေသည် ကို တွေ့ရ၏။

ထိုခေတ်စနစ်ကြီးထဲတွင် မနှစ်က သက္ကရာဇ် ၂၀၁၁ ခုနှစ်၊ မေလ ၈

၉ ရက်များက ရန်ကုန်မြို့ရှိ အထင်ကရနေရာများ ၌ မိဘကျေးဇူးကို အထူးသတိတရ ရှိနေသော လုပ်ငန်းရှင်တချို့က တခုတ်တရ တလေးတစား ဂုဏ်ပြုကျင်းပနေသည် ကို ကျွန်တော်တွေ့ရ၍ အလွန်အမင်း စိတ်ချမ်းမြေ့မိ၏။ ကျွန်တော် မှတ်မိသမျှဆိုရလျှင် "ရွှေပြည်နန်းကုမ္ပဏီ" မှ စီဒိုးနားဟိုတယ်၊ မင်းတုန်းခန်းမ၌ ၈-၅-၂၀၁၁ အမေများ နေ့တွင် ကလေးသူငယ်များကို ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ကြီးကျယ်ခမ်းနားစွာ ဂုဏ်ပြုကြိုဆိုခဲ့သည် ။ "Mo Asia Co,.Ltd" မှ လည်း အမေများနေ့ကို "Capital Hypermark" မှ တခမ်းတနား ဂုဏ်ပြုကျင်းပခဲ့၏။ ထို့အတူ ကိုယ်ဝန်ဆောင်အားဆေး "Obimin" ကလည်း အမေများ နေ့တွင် "Parkroyal Hotel" ၌ ဂုဏ်ပြုညစာ စားပွဲနှင့်အတူ မိခင်မေတ္တာဘွဲ့တေးသီချင်းများ သီဆိုဂုဏ်ပြုခဲ့ကြပါသည် ။ ဆပ်ပြာမှုန့် "E-lan" မှ လည်း တီဗီကြော်ငြာတွင် အမေများ နေ့ကို တခုတ်တရ ထည့်သွင်းဂုဏ်ပြုသွား၏။

တစ်ဖန် တစ်မူထူးခြားလှစွာ "Mother’s Choice" မှ အဓိက ကူညီပံ့ပိုးပြီး အမေများ နေ့တွင် မိခင်မေတ္တာဘွဲ့ ဆောင်းပါးဝတ္ထုတိုပြိုင်ပွဲများ ကျင်းပပြီး ဆုရစာရေးဆရာများကို ဂုဏ်ပြုဆု ချီးမြှင့်ခြင်း အခမ်းအနားကို "Junction Center (မော်တင်) " တွင် သိုက်မြိုက်စည်ကားစွာ ကျင်းပခဲ့ပြီး နှင်းဆီဘိုးဘွားရိပ်သာမှ အမေအိုများအား "City Mart" တွင် အခမဲ့ဈေးဝယ်ခွင့်ကဒ်များ လက်ဆောင်ပေးအပ်ခဲ့သလို "Lolance Hair Beauty Salon" မှ လည်း အမေများ နေ့ကို တက်ရောက်လာသည့် လူများအားလုံးကို ဆံပင်ညှပ်ပေးခြင်း၊ ခေါင်းလျှော်ပေးခြင်းနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်သည် ကို ကျွန်တော်ကိုယ်တိုင် မျက်ဝါးထင်ထင်တွေ့မြင်ကြည်နူးခဲ့ရ၏။

အကြောင်းက ရွှေအမြုတေ မဂ္ဂဇင်းနှင့် အလင်းတန်း အယ်ဒီတာချူ

ပ် ဆရာဦးဝင်းငြိမ်း ရွေးချယ်သည့် ထိုဝတ္ထုတိုပြိုင်ပွဲတွင် ကျွန်တော်ကို ယ်တိုင် ဆုရရှိခဲ့၍ ပင် ဖြစ်သည် ။ ယခုနှစ် ၂၀၁၂ တွင် လည်း အမေများ နေ့ကို ပိုမိုထူးခြားစွာ ဂုဏ်ပြုကျင်းပမည် ဖြစ်ကြောင်း သိခွင့်ရခဲ့၏။

ထိုမေလ ၈ ရက် Mother's Day အမေများ နေ့ကို အနုပညာရပ်ဝန်း မှ စာပေပညာရှင်များ ၊ သရုပ်ဆောင် အဆိုတော်များ နှင့် နိုင်ငံကျော် အားကစားသမားများ ပင် အထူးတလှယ် ဂုဏ်ပြုတက်ရောက်ခဲ့သည် ကို တွေ့ရ၏။ ပန်းချီပညာရှင်များ အနေဖြင့်လည်း အမေများ နေ့ကို ဂု ဏ်ပြုကြိုဆိုသည့် ပန်းချီပြပွဲများ ကျင်းပလာသည် ကို တွေ့ရပါ၏။

ထို့ကြောင့် ထိုအမေများ နေ့ Mother's Day ကို ကမ္ဘာတင်မက ကျွန် တော်တို့ အမိမြန်မာနိုင်ငံတွင် တခုတ်တရ ကျင်းပလာသည် ကို တွေမြင် ရသဖြင့် ဝမ်းမြောက်ကြည်နူးနေမိ၏။ သို့သော် အဖေများ နေ့ Father's Day ကိုမူ မြန်မာတင်မက ကမ္ဘာမှာ ပါ သိသူအင်မတန် နည်းပါးလှသည် ဟု ကျွန်တော်ထင်ပါသည် ။

ဂျာနယ်တစ်စောင်တွင် လူရယ်ဟု ဖြစ်တည်လာခဲ့ပါလျှင် "မိဘ" ဆို သည် မှာ မရှိမဖြစ် အရေးပါလာမည့် ပင်မအထောက်အပံ့ ကျေးဇူးရှင် အဖြစ် ပါလာစမြဲ ဖြစ်ကြောင်း၊ အမိကိုသာ ဂုဏ်ပြုပြောဆိုနေကြောင်း၊ စာပေအနုပညာရှင်များကပင် အဖနှင့်အမိ နှိုင်းယှဉ် ဖော်ညွှန်းကြရာတွ င် အမိဖြစ်သူ၏ ဂုဏ်ဒြပ်များကိုသာ မရိုးနိုင်အောင် တခမ်းတနား ရေးဖွဲ့နေကြကြောင်းနှင့် အဖေတစ်ယောက်၏ ကျေးဇူးတရားများကို မ ထင်မပေါ်သာ ညွှန်းဆိုနေကြကြောင်းကို ဆောင်းပါးတစ်ပုဒ်အဖြစ် ကျွ န်တော်ဖတ်လိုက်ရသည် ။

ဆောင်းပါးရှင်က သားသမီးတစ်ယောက်အတွက် အမေတင်မက အ ဖေ့ကျေးဇူးတရားများကိုပါ ထည့်သွင်းစဉ်းစားကာ အဖေတစ်ယောက်

၏ စွမ်းဆောင်မှုနှင့် အဖေဖြစ်သူ၏ စွန့်လွှတ်အနစ်နာခံ ပေးဆပ်မှုတို့ကို ယေဘုယျသဘောမျိုးဖြင့် နှိုင်းယှဉ်ရေးသားပြထားပြီး အဖေ့ကျေးဇူးတရားဟာ အမေ့ကျေးဇူးတရားအောက် မနိမ့်ကျလှကြောင်း စာဖတ်ပရိသတ်ကို "Message" ပေးထား၏။

ထိုစာရေးသူအဆို မမှားပါ။ ဟုတ်သလိုလိုလည်း ရှိ၏။ ကမ္ဘာမှာရော ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ပါ "မိဘ" ဆိုသည့် ခေါင်းစဉ်တစ်ခုအောက်က "အဖေ အမေ" ဆိုသည့် ကျေးဇူးရှင် နှစ်ဦးထဲမကမှ မည်သည့်အတွက်ကြောင့် အမိကိုသာ ရှေ့တန်းတင်နေကြရသနည်း။ သားသမီးတွေအပေါ်တွင် အဖေ့ကျေးဇူးသာ ကြီးပြင်း အရွယ်ရောက်လာသူ တစ်ယောက်အတွက်ကတော့ ဒီစကား မမှန်နိုင်ချေ။ အကြောင်းက ကျွန်တော့်မိခင်သည် ကျွန်တော့်အား မီးဖွားစဉ် ဆုံးပါးသွားခဲ့သောကြောင့်ပင် ဖြစ်၏။

ယခုလို ကမ္ဘာတစ်ဝှမ်းက အဖကို နောက်မှာ ထားပြီး အမိကိုသာ အမိကထား ဂုဏ်ပြုချီးမွမ်း ပြောဆိုနေကြသည် မှာ သိပ်သဘာဝမကျဟု ကျွန်တော်မြင်သည် ။ ကမ္ဘာမှာ ရော မြန်မာမှာ ပါ "Mother Day" (အမေများ နေ့) ကို မေလ ၈ ရက်နေ့အဖြစ် သတ်မှတ်ဂုဏ်ပြုပြီး တခမ်းတနားကျင်းပဂုဏ်ပြုနေသည် ကို ကြည်နူးဝမ်းမြောက်စွာ တွေ့မြင်နေရပါ၏။ သို့သော် အဘယ်ကြောင့် "Father Day" (အဖေများ နေ့) ကို ကမ္ဘာတစ်ဝှမ်းနှင့် မြန်မာနိုင်ငံတွင် တွင် ကျယ်ကျယ် မကျင်းပကြသနည်း။ အဖေများ နေ့မရှိ၍ လား။ မဟုတ်ပါ။ ကမ္ဘာမှာ "Father’s Day" (အဖေများ နေ့) ရှိပါသည် ။ သို့တိုင် အဖေများ နေ့ကို ဇွန်လ ၁၇ လိုလို ၁၉ ရက်လိုလိုဖြင့် အတိအကျ တပ်အပ်ဆိုနိုင်သူ မတွေ့ရချေ။ ဒီအချက်တစ်ချက်နှင့်ပင် တစ်ကမ္ဘာလုံးက အဖေနှင့် အမေယှဉ်လျှင် မည်သူ့ကို ပိုမိုအရေးထားကြောင်း ပေါ်လွင်နေပါ၏။

တခြားသူတွေ မည်သို့ပင်ရှိစေကာမူ ကျွန်တော့်အတွက်ကတော့ အမေလည်း အဖေ။ အဖေလည်း အဖေပင် ဖြစ်သည် ။

ကျွန်တော့်အတွက် ဆရာသမားဟာ "အဖေ"

ကျွန်တော့်အတွက် ဥယျာဉ်မှူးဟာ "အဖေ"

ကျွန်တော့်အတွက် သူရဲကောင်းဟာ "အဖေ"

ကျွန်တော့်အတွက် သမားတော်ကြီးဟာ "အဖေ"

ကျွန်တော့်အတွက် ငယ်ကျွန်ကြီးဟာ "အဖေ"

ကျွန်တော့်အတွက် သူငယ်ချင်းဟာ "အဖေ"

ကျွန်တော့်အတွက် အတိုင်ပင်ခံဟာ "အဖေ"

ကျွန်တော့်အတွက် ထောင်ကဲဟာ "အဖေ"

ကျွန်တော့်အတွက် အရှင်သခင်ဟာ "အဖေ"

ကျွန်တော့်အတွက် ကယ်တင်ရှင်ဟာ "အဖေ"

ကျွန်တော့်အတွက် တန်ခိုးရှင်ဟာ "အဖေ"

ကျွန်တော့်အတွက် သစ်ပင်ဟာ "အဖေ"

ကျွန်တော့်အတွက် နေမင်းဟာ "အဖေ"

ကျွန်တော့်အတွက်...

ကျွန်တော့်အတွက်တော့ အဖေဆိုတာ အနှိုင်းမဲ့ကျေးဇူးရှင်ပါ။ ထို့ကြောင့် ကျွန်တော့်အဖေနှင့်အတူ ကမ္ဘာမှာ ရော မြန်မာမှာ ပါ ဂုဏ်ပြုကျင်းပ ကြိုဆိုမှု မတွင် ကျယ်သေးသည့် "Father Day" (အဖေများ နေ့) ကို အမှတ်တရ ဂုဏ်ပြုသောအားဖြင့် "Father’s Day" စ

တင်ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်းကို ကျွန်တော် ဖတ်ဖူးမှတ်ဖူးသမျှထဲမှ ယနေ့ခေတ်လူငယ်များ ဗဟု သုတဖြစ်စေရန် အလို့ ငှာ ကောက်နုတ် ဖော်ပြအပ်ပါသည် ။

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ပြည်နယ်၊ စပို့ကိန်းမြို့တွင် နေထိုင်သူ "ဆိုနိုရာစမတ်ဒေါ့" အမည်ရ အမျိုးသမီးသည် သက္ကရာဇ် ၁၉၁၀ ပြည့်နှစ်၊ ဇွန်လ ၁၉ ရက်နေ့ကို "Father Day" (အဖေများ နေ့) အဖြစ်သတ်မှတ်ပြီး ဂုဏ်ပြုကျင်းပနိုင်ရန် ပထမဆုံး အဆိုတင်သွင်းခဲ့သူ ဖြစ်သည် ။ ထိုနေ့တွင် အသက်ရှင်လျက်ရှိသော ဖခင်များအား နှင်းဆီနီတစ်ပွင့် အမှတ်တရပေး၍ သေဆုံးပြီးဖြစ်သော ဖခင်များကို နှင်းဆီဖြူတစ်ပွင့်ဖြင့် သွားရောက်ဂါရဝပြုရသည် ။ သို့ပေမဲ့ ဇွန် ၁၉ ရက်ကို "Father Day" (အဖေများ နေ့) အဖြစ် တရားဝင် သတ်မှတ်ခံရသည် မှာ သက္ကရာဇ် ၁၉၁၃ ခုနှစ်ရောက်မှ အမေရိကန် ကွန်ကရက်က အတည်ပြု ပေးခဲ့ခြင်း ဖြစ်၏။ အမေရိကန်ပြည်ထောင်စု သမ္မတ "ဝူးဒရိုးဝီလ်ဆင်" သည် သက္ကရာဇ် ၁၉၁၆ ခုနှစ်တွင် စပို့ကိန်းမြို့ရှိ "ဖခင်များ နေ့" အခမ်းအနားသို့ တရားဝင် တက်ရောက်ခဲ့ပြီး ဖခင်တစ်ယောက်၏ ကျေးဇူးတရားများကို ဂုဏ်ပြု မိန့်ခွန်းပြောကြားခဲ့၏။

ကမ္ဘာပေါ်တွင် "ဖခင်များ နေ့" ကို အစောဆုံး ဂုဏ်ပြုကျင်းပခဲ့သူသည် လွန်ခဲ့သော နှစ်ပေါင်း ၄၀၀၀ ခန့်က ဘေဘီလုံ လူငယ်လေးတစ်ဦး ဖြစ်သည့် "အယ်မီဆူ" ပင် ဖြစ်သည် ။ ထိုလူငယ်လေးကပင် သူ၏ ဖခင် ကျန်းမာချမ်းသာပြီး အသက်ရှည်ရှည် နေနိုင်ရန်အတွက် ကိုယ်တိုင် ရွှံ့စေးဖြင့် ဆုတောင်းကတ်ပြုလုပ်ပြီး ဖခင်ကို ဂုဏ်ပြုပေးအပ်ခဲ့သည် ။

ဖခင်များ နေ့ကို ဂုဏ်ပြုကြိုဆိုခြင်းအားဖြင့် ဖခင်များ နေ့ကို ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဆင်ယင်ကျင်းပလာကြရာတွင် အာဂျင်တီးနား၊ ကနေ

ဒါ၊ အမေရိကန်နှင့် ဂျပန်နိုင်ငံတို့ က ဇွန်လ ၁၉ ရက်နေ့တွင် လည်းကောင်း၊ မော်တာနိုင်ငံက နှစ်စဉ် ဇွန်လ၏ တတိယသတင်းပတ် တနင်္ဂနွေနေ့တွင် လည်းကောင်း စည်ကားသိုက်မြိုက်စွာ ဂုဏ်ပြုကျင်းပလေ့ရှိပြီး ဩစတြီးယားနှင့် ဘယ်လ်ဂျီယမ် နိုင်ငံတို့ တွင် ဇွန်လ ဒုတိယသီတင်းပတ် တနင်္ဂနွေနေ့တွင် ကျင်းပလေ့ရှိ၏။

ဤကဲ့သို့ ကမ္ဘာမှာ ဆင်ယင်ကျင်းပလာသည့် ဖခင်များ နေ့ "Father’s Day" ကို ကျွန်တော်တို့ အမိမြန်မာနိုင်ငံတွင် လည်း တခုတ်တရ ဂုဏ်ပြုသင့်ကြောင်း ကျွန်တော်ထင်မြင်မိပါသည် ။ သို့မှ သာ မိသားစုအပေး နူးညံ့သိမ်မွေ့သည့်စိတ်ဖြင့် ရှေ့မှ မားမားမတ်မတ် တာဝန်ထမ်းဆောင်ပြီး အခက်အခဲဟူသမျှကို ဖြေရှင်းပေးနေသူ ဇနီးနှင့် သားသမီးတို့ အပေါ် အရာရာ သွန်သင်ဆုံးမ လမ်းပြပေးနေသူအဖြစ် ဖခင်များ ၏ ကျေးဇူးတရားများကို ပိုမိုလေးနက် ပီပြင်စွာ နားလည်နိုင်ကြမည် ဖြစ်၏။

တစ်လက်စတည်းမှာ ပင် "Father" (အဖေ) ဆိုသည့် အင်္ဂလိပ်စကားလုံး တစ်ခုခြင်း၏ လေးနက်ပီပြင်လှသော အဓိပ္ပာယ်ဖွင့်ဆိုချက် တချို့ကို ကျွန်တော်မှတ်ဖူး/ ဖတ်ဖူးသမျှထဲမှ ဖော်ပြပါရစေ။

F+A+T+H+E+R = အဖေ

F = Faithful = (သစ္စာရှိသူ) = သားသမီးအပေါ် ထာဝရသစ္စာစောင့်သိသူ

A = Assurance = (အာမခံချက်ပေးသူ) = သားသမီး အရာရာ အဆင်ပြေအောင် အာမခံဆောင်ရွက်ပေးသူ

T = Tender = (နူးညံ့သိမ်မွေ့) = သားသမီးအပေါ် ထာဝရ သနားကြင်နာသူ

H = Helpful = (ကူညီပေးသူ) = သားသမီးအပေါ် ထာဝရ ကူညီ စောင့်ရှောက်သူ

E = Energetic = (အားအင်ပြည့်ဝသူ) = သားသမီးအပေါ် ထာဝရ အားအင်ပြည့်ဝနေသူ

R = Resourceful = (အခက်အခဲ ဖြေရှင်းသူ) = သားသမီးအပေါ် ထာဝရ အခက်အခဲအားလုံး စွမ်းသမျှ ဖြေရှင်းပေးသူ

တချို့ပညာရှင် ပုဂ္ဂိုလ်ကြီးများကမူ "Father" နှင့် "Mother" အင်္ဂလိပ် စကားလုံး တစ်လုံးချင်းအား-

F = Faith = (သစ္စာရှိသူ) M = Motive

A = Authority = (သြဇာရှိသူ) O = Only one

T = Teacher = (လမ်းညွှန်သင်ပြသူ) T = True Love

H = Hero = (စံပြသူရဲကောင်း) H = Heastiest

E = Encourager = (အားပေးနှစ်သိမ့်သူ) E = Exceptional

R = Righteous = (ဖြောင့်မတ်မှန်ကန်သူ) R = Responsible

မည်သို့ပင်ဆိုစေကာမူ ဖခင်တိုင်းသည် မိမိတို့ သားသမီးအပေါ်တွင် အထက်ပါ ဖွင့်ဆိုချက်တွေထက် အဆပေါင်းများ စွာ ပိုမိုလေးနက်သည့် ပေးဆပ်မှုတွေဖြင့် ထာဝရနေထိုင် သွားမည်မှာ မလွဲပင်ဖြစ်သည်။

ထို့ကြောင့် "Mother’s Day" (အမေများ နေ့) အပြင် "Father’s Day"

(အဖေများ နေ့) ကိုပါ ကျွန်တော်တို့ မြန်မာနိုင်ငံတွင် ခမ်းနားစွာ ဂုဏ်ပြု ကျင်းပသင့်ကြောင်း ဆန္ဒမွန်ဖြင့် ရေးသားအပ်ပါသည် ။ အမိကျေးဇူးက ပိုသည် ဖြစ်စေ၊ အဖကျေးဇူးက ပိုသည် ဖြစ်စေ အမိရော အဖပါ "မိဘ" ဆိုသည့် ခေါင်းစဉ်တစ်ခုအောက်က မဟာအနှိုင်းမဲ့ ကျေးဇူးရှင်များ ပင် ဖြစ်သည် ကြောင့် ကျွန်တော်တို့ သားသမီးများ အနေဖြင့် ထိုနေ့ထူး နေ့မြတ်များ တွင် မိမိတို့ ၏ ကျေးဇူးရှင်မိဘများအား တခုတ်တရ ဂုဏ်ပြုဂါရဝ ပြုအပ်ပေသည် ။

(မေ ၈ ရက် "အမေများ နေ့" နှင့် ဇွန် ၁၉ ရက် "အဖေများ နေ့" တို့ ကို လှိုက်လှဲ ဝမ်းမြောက်စွာ ဂုဏ်ပြုကြိုဆိုလျက်မှ အဖ ဦးပြုံးချို၊ အမိ ဒေါ်ခင် မျိုးမြင့်တို့ အား ဤစာမူဖြင့် ဦးခိုက်ပါသည် )

လေးစားလျက်မှ

မင်းတခေတ် (၁၉-၈-၂၀၁၁)

Teen Magazine,

December, 2011

***